
# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ဗဟိုစာရင်းအင်းအဖွဲ့




# ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ တင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် ဇန်နဝါရီလ** အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၅၁.၄၂၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၂၂.၃၄ နှင့် **အုပ်စုအားလုံးအတွက် ၁၃၉.၃၄** ရှိပါသည်။ **၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၏** အခြေအနေမှာ ၁၃၈.၂၉ ရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ် **ဇန်နဝါရီလ**နှင့် နှိုင်းယှဉ်ပါက ဝ.၇၆% မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၁၇.၆၈** ဖြစ်ရာ **၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၏** Core CPI ဖြစ်သည့် **၁၁၆.၇၇** နှင့် နှိုင်းယှဉ်ပါက ဝ.၇၈% မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက် ပြောင်းလဲမှုအခြေအနေမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ** ၏ စားသုံးသူဈေးဆနှုန်းမှာ **၁၃၉.၃၄** ဖြစ်သဖြင့် **၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၏** အခြေအနေ **၁၃၂.၄၁** နှင့် နှိုင်းယှဉ်ပါက **၅.၂၃%** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၏ Core CPI မှာ ၁၁၇.၆၈ ဖြစ်ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၏** Core CPI အခြေအနေ **၁၁၂.၈၅** နှင့် နှိုင်းယှဉ်ပါက**၄.၂၇%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၅၁.၄၂** ဖြစ်သဖြင့် ယခင်လကထက် **ဝ.၅၃%** မြင့်တက်လာပါသည်။ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်(ဧည့်မထ)၊ မြေပဲဆီနှင့် ကြက်သားဈေးနှုန်းများမှာ အနည်းငယ်သာ ကျဆင်းခဲ့သော်လည်း၊ အခြားအခြေခံစားသောက်ကုန်များဖြစ်သော စားအုန်းဆီ၊ နှမ်းဆီ၊ အမဲသား၊ ဝက်သား၊ ဆိတ်သား၊ အသားခြောက်၊ ငါးခူ၊ ငါးရံ့၊ ငါးမြစ်ချင်း၊ ကြက်ဥ၊ ဘဲဥ၊ ပုစွန်တုပ်၊ ပုစွန်ကျော့၊ ပုစွန်ခြောက်နှင့် ငါးရံ့ခြောက်ဈေးနှုန်းများ မြင့်တက်နေပါသည်။ အခြားမီးဖိုချောင်သုံးကုန်ပစ္စည်း ဖြစ်သည့် ကုလားပဲခြမ်း၊ ကြက်သွန်နီ(အသစ်)နှင့် ကြက်သွန်ဖြူ ဈေးနှုန်းများ ကျဆင်းနေသော်လည်း အာလူး၊ ပဲကြီး၊ စားတော်ပဲ၊ ကြက်သွန်နီ(အဟောင်း)၊ မန်ကျည်းသီး၊ နနွင်းမှုန့်၊ အချိုမှုန့်၊ ငရုတ်သီးခြောက်(အပု)ဈေးနှုန်းတို့မှာ မြင့်တက်နေပါသည်။ ထို့ပြင် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ ဖြစ်သော ငှက်ပျောသီး၊ အုန်းသီး၊ ခရမ်းသီး၊ ပဲတောင့်ရှည်၊

ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်နှင့် ခရမ်းချဉ်သီး ဈေးနှုန်းများမှာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။


၄။ **၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)၏** ဈေးဆနှုန်းမှာ **၁၂၂.၃၄** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၁.၁၇%** မြင့်တက်လျက် ရှိပါသည်။ ယင်းအုပ်စုအတွင်းရှိ သယ်ယူပို့ဆောင်ရေးအုပ်စုတွင်ပါဝင်သော ဒီဇယ်နှင့် ဓာတ်ဆီ ဈေးနှုန်းတို့မှာ သိသိသာသာမြင့်တက်လျက်ရှိပါသည်။ ကျန်ကုန်ပစ္စည်းအုပ်စုများတွင် ပါဝင်သည့် အရက်နှင့် ဘီယာများ၊ ကွမ်းသီးနှင့် ကွမ်းရွက်၊ စီးကရက်နှင့် ဆေးပေါ့လိပ်ဈေးနှုန်းများ၊ အမျိုးသမီး/ အမျိုးသားဝတ်လုံချည်များ ၊ တီရှပ်နှင့်စပို့ရှပ်များ၊ အမျိုးသမီးဝတ်ဘလောက်များ၊ စက်ချုပ်ခများ၊ သားရေဖိနပ်များ၊ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်များ၊ ဆေးဈေးနှုန်းများ၊ သစ်မာ၊ သွပ်၊ အုတ်၊ အိမ်လခ၊ သင်ဖြူးဖျာ၊ စောင်၊ တယ်လီဗီဇှင်း၊ ဗလာစာအုပ်၊ ရွှေထည်ပစ္စည်း၊ မိတ်ကပ်နှင့် သနပ်ခါး စသည့်ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။


၅။ **၂၀၁၈ ခုနှစ် ဇန်နဝါရီလ အထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၄.၄၀%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၃.၅၃%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)


ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၈ ခုနှစ် ဇန်နဝါရီလ)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၇ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၉ |
| | **အပိုင်း(ဂ)** | |
| | **စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း | ၁၁ |
| ၂ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၂ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၄ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၅ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၇ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၈ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

### ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

### ၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)

၂၀၁၈ ခုနှစ် ဇန်နဝါရီလ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၃၄ ဖြစ်ရာ လွန်ခဲ့သော ဒီဇင်ဘာလ အခြေအနေ ၁၃၈.၂၉ နှင့် နှိုင်းယှဉ်ပါက ၀.၇၆% မြင့်တက်လာပါသည်။ အဓိက အားဖြင့် အစားအစာအုပ်စု၊ ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၊ အဝတ်အထည်အုပ်စု၊ အိမ်လခ နှင့်အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေး အုပ်စု၊ ပညာရေးအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စု၊ ပြင်ပအစားအသောက်အုပ်စုနှင့်အထွေထွေ အုပ်စုတို့၏ ကုန်ပစ္စည်းအချို့ဈေးနှုန်းများ မြင့်တက်လာ၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ အထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၄၀% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ အခြေအနေ ၄.၆၁%နှင့် နှိုင်းယှဉ်ပါက တိုးနှုန်း မှာ အနည်းငယ် ပြန်လည်ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

### ၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း

၂၀၁၈ ခုနှစ် ဇန်နဝါရီလ အတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်း များကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

**(က) အစားအစာအုပ်စု**

ဤအုပ်စုဈေးဆနှုန်းသည် လွန်ခဲ့သောလကထက် ၀.၅၃% မြင့်တက်လာ ပါသည်။ ယခုလတွင် စားအုန်းဆီ ၀.၆၇% ၊ နှမ်းဆီ ၀.၆၅% ၊ ဝက်သား ၀.၁၇%၊ အမဲသား ၀.၂၃%၊ ငါးခူ ၀.၇၃%၊ ငါးရံ့ ၁.၁၂%နှင့် ငါးမြစ်ချင်း ၀.၁၀%၊ ပုစွန်ခြောက် ၀.၄၅% ၊ ငါးရံ့ခြောက် ၀.၄၆% ၊ ကြက်ဥ ၀.၇၁%နှင့် ဘဲဥ ၀.၇၁% ဈေးနှုန်းများ အသီးသီး မြင့်တက်လာသော်လည်း ဧည့်မထဆန် (အသစ်)၊ မြေပဲဆီနှင့် ကြက်သားဈေးနှုန်းများမှာ အနည်းငယ်သာကျဆင်းလာကြောင်း တွေ့ ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် ကုလားပဲခြမ်းဈေးနှုန်းများ ကျဆင်းလာသော်လည်း အာလူး၊ အချိုမှုန့်၊ နနွင်းမှုန့်၊ မန်ကျည်းသီး၊ ငရုတ်သီးခြောက်၊ ပဲကြီးနှင့် စားတော်ပဲဈေးနှုန်းများ မြင့်တက်လာပါသည်။

ဟင်းသီးဟင်းရွက်များတွင် ကန်းစွန်းရွက်၊ချဉ်ပေါင်ရွက်၊ ပဲတောင့်ရှည်သီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီးဈေးနှုန်းများ၊ အသီးအနှံများဖြစ်သော ငှက်ပျောသီး၊ အုန်းသီး၊ ပန်းသီး၊ နာနတ်သီးနှင့် သံပုရာသီး စသည့်ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ၌ ၁၆၀.၆၉ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၉.၃၃ ဖြစ်သောကြောင့် ၇.၆၁% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများအနက် အရက်၊ ဘီယာ၊ ဆေးပေါ့လိပ်၊ စီးကရက်၊ ကွမ်းရွက်နှင့်ကွမ်းသီးခြမ်းဈေးနှုန်းများ သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၁၈.၄၁ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၈.၂၂ ဖြစ်သောကြောင့် ၀.၁၅% မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော အမျိုးသမီး/ အမျိုးသားဝတ် လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ ဆွယ်တာနှင့် ဖိနပ်ဈေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၄၃.၃၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၃.၁၂ ဖြစ်သောကြောင့် ၀.၁၅% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော သစ်မာ၊ သွပ်၊ အုတ်၊ ရေဖိုးနှင့် အိမ်လခ

ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါ သည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၁၆.၆၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၆.၄၅ ဖြစ်သောကြောင့် ၀.၁၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော သင်ဖြူးဖျာ၊ စောင်နှင့် အိမ်အသုံးအဆောင် ပစ္စည်းများဖြစ်သော အပ်ချုပ်စက်၊ ရေစုပ်စက်၊ အဝတ်လျှော်ဆပ်ပြာမှုန့် ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၃၆.၈၂ ရှိ၍၊ ယခင်လ၏ဈေးဆနှုန်းမှာ ၁၃၆.၆၉ ဖြစ်သောကြောင့် ၀.၁၀% မြင့်တက်လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆရာဝန်ဆေးကုသခ၊ အားဆေးနှင့် တိုင်းရင်းဆေး ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၀၄.၈၀ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၆၆ ဖြစ်သောကြောင့် ၂.၀၈% ဆက်လက်မြင့် တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီ တစ်ဂါလံလျှင် ၃၇၁၆.၄၂ ကျပ် မှ ၃၈၉၈.၈၃ ကျပ်၊ ဓာတ်ဆီတစ်ဂါလံလျှင် ၃၈၅၁.၅၁ ကျပ် မှ ၃၉၄၆.၃၉ ကျပ်သို့ ဈေးနှုန်းအသီးသီး မြင့်တက်လာပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် ဘတ်(စ်)ကားခ(မြို့တွင်း) ဈေးနှုန်းများ လည်း မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၀၂.၆၆ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၇၀ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ

ကျဆင်းလျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းများမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းကျဆင်းနေသောကြောင့် ဈေးနှုန်းများ ကျဆင်းလာခဲ့ပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ၌ ၁၀၆.၀၂ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၅.၉၉ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗွီရှင်းနှင့် ဗလာစာအုပ် ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်သာ မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၂၂.၆၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၂.၅၃ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် သင်တန်းခ ဈေးနှုန်းများ မြင့်တက်ခဲ့၍ဖြစ်ပါသည်။

**(ဋ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၁၈.၈၆ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၆.၉၅ ဖြစ်သောကြောင့် ၁.၆၃% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ လက်ဖက်ရည်၊ ကော်ဖီနှင့် ကွမ်းယာဈေးနှုန်းများ မြင့်တက်လာခဲ့သောကြောင့် ဖြစ်ပါသည်။

**(ဌ) အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၂၅.၀၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၂၃.၈၇ ဖြစ်သောကြောင့် ၀.၉၄% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော သနပ်ခါး၊ မိတ်ကပ်နှင့် ရွှေထည်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနူန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၂၂.၃၄ ရှိ၍၊ ယခင်လ၏ဈေးဆနူန်းမှာ ၁၂၀.၉၂ ဖြစ်သောကြောင့် ၁.၁၇% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါ ဝင်သော အဝတ်အထည်အုပ်စု၊ အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေးအုပ်စု၊ ပညာရေးအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် ပြင်ပအစားအသောက်အုပ်စု ဈေးနှုန်းများမှာ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

**အပိုင်း(ခ)**

**၂၀၁၇ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ စားသုံးသူဈေးဆနူန်း နှိုင်းယှဉ်ချက်**

**၁။ စုစုပေါင်းစားသုံးသူဈေးဆနူန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၈ ခုနှစ် ဇန်နဝါရီလ အတွက် စားသုံးသူဈေးဆနူန်းမှာ ၁၃၉.၃၄ဖြစ်ရာ လွန်ခဲ့သော ၂၀၁၇ ခုနှစ် ဇန်နဝါရီလ အခြေအနေ ၁၃၂.၄၁ နှင့် နှိုင်းယှဉ်ပါက ၅.၂၃% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသာထင်ရှားစွာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ အထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၄၀%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ အခြေအနေ **၆.၉၇%** နှင့် နှိုင်းယှဉ်ပါက တိုးနှုန်းမှာ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

(က) **အစားအစာအုပ်စု**

ဤအုပ်စုဈေးဆနူန်းသည် ယခင်နှစ်အလားတူကာလကထက် ၄.၆၃% မြင့်တက်နေပါသည်။ ဆန်ဈေးနှုန်းမှာ ယခင်နှစ်အလားတူကာလကထက် ၇.၆၄% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁.၀၉%၊ နှမ်းဆီ ၂.၃၃%၊ ဝက်သား

၅.၉၄%၊ ဘဲဥ ၁.၃၂%၊ ငါးခူ ၃.၁၄%၊ငါးရံ့ ၂.၂၀%၊ ငါးမြစ်ချင်း ၃.၁၀%၊ ပုစွန်ခြောက် ၅.၇၇%၊ ငါးရံ့ခြောက် ၁၀.၀၅% နှင့် ရေကျိုငါးပိ ၁.၂၈% ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ စားအုန်းဆီ ၂.၈၂%၊ ကြက်သား ၁.၇၆%၊ အမဲသား ၀.၅၀%နှင့် ကြက်ဥ ၅.၁၄% စသည့် ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများ တွင် ကြက်သွန်ဖြူ ၂၈.၃၅%၊ ကုလားပဲခြမ်း ၉.၄၈%၊ အာလူး ၉.၄၇% ဖြင့် သိသိ သာသာ ကျဆင်းလာသော်လည်း၊ ကြက်သွန်နီဈေးနှုန်း ၉၁.၈၀% ဖြင့် သိသိ သာသာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဟင်းသီးဟင်းရွက်တွင် ခရမ်း ချဉ်သီး ဈေးနှုန်းမှာ ၁၈.၄၆% ဖြင့် သိသာစွာကျဆင်းလာကြောင်း တွေ့ရှိရ ပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၆၀.၆၉ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၄.၄၀ ဖြစ်သောကြောင့် ၁၉.၅၆% ဖြင့် သိသာ ထင်ရှားစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်နှင့်ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်၊ စီးကရက်၊ ကွမ်းသီးနှင့်ကွမ်းရွက်ဈေးနှုန်းများ မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၁၈.၄၁ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၆.၆၆ ဖြစ်သောကြောင့် ၁.၅၀% မြင့်တက်လာ ကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ ဆွယ်တာ၊ သားရေဖိနပ်နှင့် စက်ချုပ်ခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် အနည်းငယ် မြင့်တက်ခဲ့ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၄၃.၃၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၄.၉၃ ဖြစ်သောကြောင့် ၆.၂၃% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေး ဈေးနှုန်းများ၊ အိမ်ငှားခ၊ အိမ်ပြင်ခ၊ ရေခွန်နှင့် ရေဖိုးဈေးနှုန်းများမှာ ယခင်နှစ်က ထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၁၆.၆၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၃.၅၀ ဖြစ်သောကြောင့် ၂.၇၆% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၃၆.၈၂ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၀.၈၄ ဖြစ်သောကြောင့် ၄.၅၇% မြင့်တက်လျက်ရှိပါသည်။ ဆေးဈေးနှုန်းနှင့် ဆေးကုသခစရိတ်များမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၀၄.၈၀ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၆.၂၄ ဖြစ်သောကြောင့် ၈.၈၉% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၂၆၇.၈၈ ကျပ်ရှိရာမှ ယခုနှစ်တွင် ၃၈၉၈.၈၃ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၃၄၁.၇၇ကျပ် ရှိရာ မှ ၃၉၄၆.၃၉ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါ

သည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်နှင့် ဘတ်(စ်)ကားခ (ခရီးစေး) ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၀၂.၆၆ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၃.၆၇ ဖြစ်သောကြောင့် ၉.၅၉%ဖြင့် သိသာစွာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်း ဈေးနှုန်းများ တယ်လီဖုန်းခေါ်ဆိုခဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၀၆.၀၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၅.၂၆ ဖြစ်သောကြောင့် ၀.၇၁% မြင့်တက်ခဲ့ ပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ၌ ၁၂၂.၆၇ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၂.၂၄ ဖြစ်သောကြောင့် ၀.၃၅% မြင့်တက်လာခဲ့ ပါသည်။

**(ဋ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၁၈.၈၆ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၁.၁၆ ဖြစ်သောကြောင့် ၆.၉၃% မြင့်တက်လာခဲ့ ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီနှင့် ကွမ်းယာဈေးနှုန်းမှာ ယခင်နှစ်က ထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၂၅.၀၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၉.၉၃ ဖြစ်သောကြောင့် ၄.၂၆% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်ကထက် ဈေးနှုန်းများ မြင့်တက်လာခဲ့သည့်အပြင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာလည်း ၉.၄၄% ဖြင့် သိသာစွာမြင့်တက်ခဲ့၍ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၌ ၁၂၂.၃၄ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၁၅.၀၆ ဖြစ်သောကြောင့် ၆.၃၃% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင်ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## ၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း

၂၀၁၈ ခုနှစ် ဇန်နဝါရီလ တွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ဆန်ဈေးနှုန်းများမြင့်တက်နေပြီး၊ ယခင်လနှင့်နှိုင်းယှဉ်လျှင် ဆန်ဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိပါသည်။ ဆန်အသစ်စပေါ်ချိန်ဖြစ်၍ ဆန်သစ်ဈေးနှုန်းများ ကျဆင်းလျက်ရှိသော်လည်း၊ ဆန်ဟောင်းဈေးနှုန်းမှာမူ မြင့်တက်လျက်ရှိသည် ကို တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော စားအုန်းဆီနှင့် နှမ်းဆီဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာပြီး၊ မြေပဲဆီ ဈေးနှုန်းမှာ အနည်းငယ် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ယခင်လတွင် ပြည်ပစားအုန်းဆီ ဈေးနှုန်းမှာ မက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၁၆.၁၆ ရှိခဲ့ရာမှ ယခုလတွင်

အမေရိကန်ဒေါ်လာ ၆၄၁.၄၈၆ ဖြစ်သဖြင့် ယခင်လကထက် ၄.၁၁% မြင့်တက်နေသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင်ပါဝင်သော ဝက်သား၊ အမဲသား၊ ကြက်ဥ၊ ဘဲဥ၊ ငါးခူ၊ ငါးရံ့၊ ငါးမြစ်ချင်း၊ ပုစွန်တုပ်၊ ပုစွန်ကျော့၊ ငါးရံ့ခြောက်နှင့် ပုစွန်ခြောက် ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက သီးနှံအသစ်ထွက်ပေါ်ချိန်ဖြစ်သော်လည်း ခရမ်းချဉ်သီး မျိုးတုန်းချိန်ဖြစ်သောကြောင့် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လကထက် ပြန်လည်မြင့်တက်လာပါသည်။ စားဖိုဆောင်သီးနှံဖြစ်သော ကုလားပဲခြမ်းနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ဆက်လက်ကျဆင်းနေလျက်ရှိပါသည်။ ဈေးကွက်တွင် ကြက်သွန်နီ(အသစ်)များ ဝင်ရောက်မှုများလာသောကြောင့် ကြက်သွန်နီဈေးနှုန်းမှာ ကျဆင်းလျက်ရှိပါသည်။ ဆောင်းရာသီ အအေးဓာတ်ပိုခြင်းကြောင့် ကွမ်းအထွက်နည်းသည့်ရာသီဖြစ်ခြင်း၊ အချိန်အခါမဟုတ် ရွာသွန်းခဲ့သောမိုးကြောင့် ကွမ်းစိုက်ခင်းပျက်စီးခြင်းများရှိခဲ့ပြီး ကွမ်းဈေးနှုန်းများ သိသိသာသာမြင့်တက်လာပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၈၉၀၅၄.၁၃ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၂.၅၂% မြင့်တက်ခဲ့ပြီး၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၉.၄၄% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန် ဒေါ်လာ ၁၂၆၅.၅၉ ရှိရာ မှ ၁၃၃၀.၁၇ သို့ ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ မြန်မာရွှေဈေးနှုန်းမှာလည်း လိုက်ပါ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီနှင့် ဓာတ်ဆီဈေးနှုန်းမှာ ယခင်လကထက် ဆက်လက် မြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများတွင် ဒီဇယ်ဆီ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၂.၈၇ မှ ၇၅.၂၇ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်

လျှင် အမေရိကန်ဒေါ်လာ ၇၂.၆၂ မှ ၇၃.၁၇ သို့ လည်းကောင်းအသီးသီး မြင့်တက်လာပါသည်။ ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် ပြင်ပပုဂ္ဂလိက အရောင်းဆိုင်တွင် ရောင်းချနေသော ဈေးနှုန်းများ မြင့်တက်လာသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း မြင့်တက်လာပါသည်။ ထို့ပြင် ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် ဘုရားဖူး ခရီးသွားလာသူများ ပြားလာပြီး လောင်စာဆီ အသုံးပြုမှုများလာသောကြောင့် ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်းစသည့် အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း


(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၇ခုနှစ် ဇန်နဝါရီလမှ ၂၀၁၈ခုနှစ် ဇန်နဝါရီလ အတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် ၁၃၂.၄၁ ရှိရာမှ မတ်လတွင် ၁၃၁.၉၆ သို့အနည်းငယ် ကျဆင်းလာပြီး၊ ထိုမှတဖန်ပြန်လည်မြင့်တက်လာခဲ့ရာ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် ၁၃၉.၃၄ ဖြစ် ပေါ်ခဲ့ပါသည်။

(ခ) ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ယခင်လကထက် ကျဆင်းလာသော်လည်း၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ၂။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ခုနှစ်ဇန်နဝါရီလမှ ၂၀၁၈ခုနှစ် ဇန်နဝါရီလအထိ) ကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် ၇.၇၆% ရှိရာမှ ဖေဖော်ဝါရီလတွင် အနည်းငယ်မြင့်တက်ခဲ့ပြီး မတ်လမှစ၍ ပြန်လည် ကျဆင်းလာရာ ဇူလိုင်လတွင် ၂.၃၀% ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ဩဂုတ်လမှစ၍ ပြန်လည်မြင့်တက်ခဲ့ရာ နိုဝင်ဘာလတွင် ၄.၄၇% ရှိခဲ့ပါသည်။ သို့သော် ဒီဇင်ဘာလတွင် ရာခိုင်နှုန်းအနည်းငယ် ကျဆင်းလာခဲ့ပြီး၊ ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် တိုးနှုန်းအရှိန် ပြန်လည်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ လအလိုက် တိုးနှုန်းအရှိန်မှာ လျော့နည်းလာခြင်းကြောင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း လျော့နည်းလာရခြင်းဖြစ်ပါသည်။

(ခ) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ တစ်နှစ်ပျမ်းမျှ ၄.၄၀% ရှိ၍ ဒီဇင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၄.၆၁% နှင့် နှိုင်းယှဉ်ပါက အနည်းငယ် ပြန်လည်ကျဆင်းလာပါကြောင်းနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတို့၏ နှစ်အလိုက်ပြောင်းလဲမှုကို နှိုင်းယှဉ်ပါက (Year on Year Inflation) မှာ ၅.၂၃% ဖြစ်သည့်အတွက် ယခင်လကထက် ရာခိုင်နှုန်းအနည်းငယ်မြင့်တက်လာကြောင်း တွေ့ရပါသည်။




(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၈.၆၈% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ မန္တလေးမြို့တွင် ၆.၄၁%ဖြင့် ဒုတိယအမြင့်ဆုံး၊ ကချင်ပြည်နယ်တွင် ၆.၃၅% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက် ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၉.၃၄%ဖြင့် ပြောင်းလဲမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ပြည်ထောင်စုနယ်မြေတွင် ၂.၂၁% ဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်းအနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

# ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | | ၂၀၁၈ ခုနှစ် | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ် ဇန်နဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇန်နဝါရီလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၃၂.၄၁** | **၁၃၈.၂၉** | **၁၃၉.၃၄** | **၀.၇၆** | **၅.၂၃** | **၄.၄၀** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၄.၇၂** | **၁၅၀.၆၃** | **၁၅၁.၄၂** | **၀.၅၃** | **၄.၆၃** | **၄.၀၆** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၃၄.၄၀ | ၁၄၉.၃၃ | ၁၆၀.၆၉ | ၇.၆၀ | ၁၉.၅၆ | ၅.၇၀ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၆.၆၆ | ၁၁၈.၂၂ | ၁၁၈.၄၀ | ၀.၁၅ | ၁.၅၀ | ၁.၈၃ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၄.၉၃ | ၁၄၃.၁၂ | ၁၄၃.၃၄ | ၀.၁၅ | ၆.၂၃ | ၅.၀၁ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၃.၅၀ | ၁၁၆.၄၅ | ၁၁၆.၆၃ | ၀.၁၆ | ၂.၇၆ | ၁.၇၆ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၀.၈၄ | ၁၃၆.၆၉ | ၁၃၆.၈၂ | ၀.၁၀ | ၄.၅၇ | ၄.၁၂ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၉၆.၂၄ | ၁၀၂.၆၆ | ၁၀၄.၈၀ | ၂.၀၈ | ၈.၈၉ | ၁၀.၄၂ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၉၃.၆၇ | ၁၀၂.၇၀ | ၁၀၂.၆၆ | -၀.၀၄ | ၉.၅၉ | ၄.၃၁ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၂၆ | ၁၀၅.၉၉ | ၁၀၆.၀၂ | ၀.၀၃ | ၀.၇၁ | ၀.၇၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၂၄ | ၁၂၂.၅၃ | ၁၂၂.၆၇ | ၀.၁၁ | ၀.၃၅ | ၁.၀၆ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၁.၁၆ | ၁၁၆.၉၅ | ၁၁၈.၈၆ | ၁.၆၃ | ၆.၉၃ | ၃.၇၀ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၁၉.၉၃ | ၁၂၃.၈၇ | ၁၂၅.၀၄ | ၀.၉၄ | ၄.၂၆ | ၄.၇၂ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၅.၀၆** | **၁၂၀.၉၂** | **၁၂၂.၃၄** | **၁.၁၇** | **၆.၃၃** | **၅.၀၄** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၂.၈၅** | **၁၁၆.၇၇** | **၁၁၇.၆၈** | **၀.၇၈** | ***၄.၂၇** | ***၃.၅၃** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

# ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန်းနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | | ၂၀၁၈ ခုနှစ် | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် ဇန်နဝါရီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဇန်နဝါရီလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၈.၂၆ | ၁၄၅.၅၇ | ၁၄၈.၀၁ | ၁.၆၈ | ၇.၀၅ | ၆.၃၅ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၀.၂၆ | ၁၄၄.၀၈ | ၁၄၅.၆၉ | ၁.၁၂ | ၃.၈၇ | ၅.၀၀ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၀.၅၆ | ၁၂၆.၇၅ | ၁၂၆.၈၅ | ၀.၀၇ | ၅.၂၁ | ၃.၉၆ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၈.၂၂ | ၁၈၄.၁၈ | ၁၈၄.၃၅ | ၀.၀၉ | ၃.၄၃ | ၃.၃၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၁.၈၇ | ၁၃၅.၆၇ | ၁၃၆.၅၇ | ၀.၆၇ | ၃.၅၇ | ၃.၄၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၈.၃၁ | ၁၂၃.၁၅ | ၁၂၅.၀၆ | ၁.၅၅ | ၅.၇၁ | ၅.၃၈ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၂၉.၇၇ | ၁၃၅.၅၄ | ၁၃၅.၉၆ | ၀.၃၁ | ၄.၇၇ | ၄.၂၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၄.၂၆ | ၁၃၉.၆၃ | ၁၄၁.၀၈ | ၁.၀၄ | ၅.၀၈ | ၃.၆၃ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၉.၂၇ | ၁၃၃.၀၅ | ၁၃၄.၈၈ | ၁.၃၈ | ၄.၃၄ | ၃.၉၅ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၃.၅၄ | ၁၃၀.၆၉ | ၁၃၀.၃၅ | -၀.၂၆ | ၅.၅၁ | ၅.၃၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၅၈.၀၅ | ၁၇၂.၉၈ | ၁၇၂.၈၂ | -၀.၁၀ | ၉.၃၄ | ၈.၆၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၇.၁၃ | ၁၃၁.၂၈ | ၁၃၁.၉၄ | ၀.၅၀ | ၃.၇၈ | ၃.၂၂ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၁.၁၃ | ၁၄၇.၉၀ | ၁၄၉.၄၇ | ၁.၀၆ | ၅.၉၁ | ၅.၀၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၁.၆၈ | ၁၄၀.၁၁ | ၁၄၀.၆၅ | ၀.၃၈ | ၆.၈၁ | ၄.၅၉ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၆.၂၀ | ၁၂၇.၈၈ | ၁၂၈.၉၉ | ၀.၈၇ | ၂.၂၁ | ၁.၁၉ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၃.၈၈ | ၁၃၇.၈၅ | ၁၃၉.၂၁ | ၀.၉၈ | ၃.၉၈ | ၃.၇၁ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၂၀.၁၇ | ၁၃၀.၃၃ | ၁၃၃.၁၈ | ၂.၁၉ | ၁၀.၈၃ | ၆.၄၁ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၂.၅၂ | ၁၂၈.၈၉ | ၁၃၀.၄၃ | ၁.၁၉ | ၆.၄၆ | ၃.၂၇ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၂.၄၁** | **၁၃၈.၂၉** | **၁၃၉.၃၄** | **၀.၇၆** | **၅.၂၃** | **၄.၄၀** |


## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၈ ခုနှစ် ဇန်နဝါရီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ (ကျပ်) | ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (ကျပ်) | ၂၀၁၇ ခုနှစ် ဇန်နဝါရီလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | *၁၃၈၁.၃၄ | *၁၃၈၀.၈၁ | ၁၂၈၂.၈၀ | -၀.၀၄ | ၇.၆၄ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၂၉၉.၂၅ | ၅၂၉၆.၉၀ | ၅၂၃၉.၇၀ | -၀.၀၄ | ၁.၀၉ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၆၇၈.၈၀ | ၅၇၁၅.၅၁ | ၅၅၈၅.၄၀ | ၀.၆၅ | ၂.၃၃ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၀၅.၇၄ | ၂၁၁၉.၇၉ | ၂၁၈၁.၂၂ | ၀.၆၇ | -၂.၈၂ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၇၅၀.၀၀ | ၆၇၅၁.၉၁ | ၆၈၇၂.၉၀ | ၀.၀၃ | -၁.၇၆ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၈၈၉၄.၁၀ | ၈၉၀၉.၆၆ | ၈၄၁၀.၄၇ | ၀.၁၇ | ၅.၉၄ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၀၄၃၇.၅၀ | ၁၀၄၆၁.၅၄ | ၁၀၅၁၄.၀၈ | ၀.၂၃ | -၀.၅၀ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၃၀.၆၅ | ၁၆၄၂.၂၄ | ၁၆၂၀.၉၁ | ၀.၇၁ | ၁.၃၂ |
| ၉ | ကြက်ဥ | ။ | ။ | ၁၁၈၁.၀၅ | ၁၁၈၉.၄၀ | ၁၂၅၃.၈၀ | ၀.၇၁ | -၅.၁၄ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၇၂၃၈.၅၅ | ၇၂၉၁.၇၁ | ၇၀၆၉.၆၁ | ၀.၇၃ | ၃.၁၄ |
| ၁၁ | ငါးရံ့ | ။ | ။ | ၇၅၈၃.၆၀ | ၇၆၆၈.၃၉ | ၇၅၀၃.၆၃ | ၁.၁၂ | ၂.၂၀ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၅၁၈.၅၅ | ၄၅၂၂.၈၇ | ၄၃၈၇.၀၀ | ၀.၁၀ | ၃.၁၀ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၂၈၀၂၅.၇၅ | ၂၈၁၅၀.၆၄ | ၂၆၆၁၄.၈၉ | ၀.၄၅ | ၅.၇၇ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၇၄၄၅.၀၅ | ၂၇၅၇၀.၅၉ | ၂၅၀၅၂.၇၈ | ၀.၄၆ | ၁၀.၀၅ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၁၇၉.၉၁ | ၃၁၇၇.၄၃ | ၃၁၃၇.၁၇ | -၀.၀၈ | ၁.၂၈ |
| ၁၆ | ခရမ်းချဥ်သီး | | ။ | ၁၂၈၄.၉၆ | ၁၂၉၂.၀၂ | ၁၅၈၄.၄၅ | ၀.၅၅ | -၁၈.၄၆ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၃၁၇၃.၃၈ | ၃၁၀၀.၂၀ | ၃၄၂၄.၇၇ | -၂.၃၁ | -၉.၄၈ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၉၂.၀၇ | ၁၁၀၄.၈၄ | ၁၂၂၀.၄၀ | ၁.၁၇ | -၉.၄၇ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၄၁၇၇.၁၉ | ၄၁၄၀.၀၀ | ၅၇၇၈.၁၁ | -၀.၈၉ | -၂၈.၃၅ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၂၉၃၀.၆၅ | ၂၈၈၉.၂၀ | ၁၅၀၆.၄၀ | -၁.၄၁ | ၉၁.၈၀ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၇၀၈.၇၅ | ၄၇၁၁.၅၂ | ၄၅၅၄.၅၅ | ၀.၀၆ | ၃.၄၅ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၀၁၃.၆၂ | ၅၀၂၈.၇၁ | ၅၀၁၉.၈၉ | ၀.၃၀ | ၀.၁၈ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ရည် | ကျပ်သား | ၈၆၇၁၉၅.၀၅ | ၈၈၉၀၅၄.၁၃ | ၈၁၂၃၆၅.၈၀ | ၂.၅၂ | ၉.၄၄ |
| ၂၄ | ထင်း | | ပိဿာ | ၃၀၅.၆၁ | ၃၀၅.၆၁ | ၂၉၀.၀၅ | ၀.၀၀ | ၅.၃၆ |
| ၂၅ | မီးသွေး | | ။ | ၆၁၁.၁၅ | ၆၁၁.၁၅ | ၅၇၈.၇၃ | ၀.၀၀ | ၅.၆၀ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၀၄.၄၁ | ၄၀၄.၄၁ | ၃၇၆.၆၂ | ၀.၀၀ | ၇.၃၈ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၉၁၄.၀၄ | ၁၀၂၄.၈၆ | ၁၀၁၀.၀၀ | ၁၂.၁၂ | ၁.၄၇ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၃၇၁၆.၄၂ | ၃၈၉၈.၈၃ | ၃၂၆၇.၈၈ | ၄.၉၁ | ၁၉.၃၁ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၃၈၅၁.၅၁ | ၃၉၄၆.၃၉ | ၃၃၄၁.၇၇ | ၂.၄၆ | ၁၈.၀၉ |


* ဆန်သစ်နှင့် ဆန်ဟောင်းဈေးနှုန်းများကို ပျမ်းမျှရှာထားခြင်းဖြစ်ပါသည်။

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | | | | | ၂၀၁၈ခုနှစ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ |
| စားသုံးသူဈေးဆနှုန်း(CPI) | ၁၃၂.၄၁ | ၁၃၂.၇၃ | ၁၃၁.၉၆ | ၁၃၂.၀၇ | ၁၃၂.၄၂ | ၁၃၂.၅၈ | ၁၃၂.၈၆ | ၁၃၃.၂၇ | ၁၃၄.၄၃ | ၁၃၅.၇၀ | ၁၃၇.၅၀ | ၁၃၈.၂၉ | ၁၃၉.၃၄ |
| စားသုံးသူဈေးဆနှုန်း(Core CPI) | ၁၁၂.၈၅ | ၁၁၂.၈၉ | ၁၁၃.၅၀ | ၁၁၃.၆၄ | ၁၁၃.၇၁ | ၁၁၃.၇၇ | ၁၁၄.၆၂ | ၁၁၅.၄၅ | ၁၁၅.၈၂ | ၁၁၅.၇၇ | ၁၁၆.၄၃ | ၁၁၆.၇၇ | ၁၁၇.၆၈ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | | | | | ၂၀၁၈ ခုနှစ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၇.၇၆ | ၇.၉၉ | ၇.၀၀ | ၄.၇၄ | ၃.၉၀ | ၂.၉၂ | ၂.၃၀ | ၂.၄၀ | ၃.၄၀ | ၄.၀၀ | ၄.၄၇ | ၄.၄၅ | ၅.၂၃ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၃.၀၉ | ၂.၇၆ | ၃.၁၆ | ၃.၂၀ | ၂.၉၀ | ၂.၈၁ | ၃.၆၈ | ၄.၀၀ | ၃.၉၆ | ၄.၀၁ | ၄.၁၆ | ၃.၄၁ | ၄.၂၇ |